# ကယ်တင်ခြင်းကို မည်ကဲ့သို့ ကျွန်တော်ရရှိသနည်း။

## ယေရှုကို သင်မည်ကဲ့သို့ ယုံကြည်သနည်း။

မဿဲ ၁၆း၁၅တွင် ယေရှုသည် တပည့်တော်များအား မေးခွန်းမေးခဲ့သည်မှာ "သင်တို့လည်း ငါ့ကို အဘယ်သူဖြစ်သည်ဆိုကြသနည်း"။

သူ၏ တမန်တော်များထဲမှ ပေတရုသည် မေးခွန်းကို ဖြေနိုင်ခဲ့သည်-"ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေ၏" ငယ်၁၆

## ဤမေးခွန်းကို သင်မည်သို့ ဖြေမည်နည်း။

ယေရှုသည် မည်သူဖြစ်သည်ကို ကျွန်တော်တို့ နားလည်ရန် လိုအပ်သည်

ပေါလုသည် ဘုရားသခင်၏ ကတိတော်အကြောင်းကို ရောမ ၁း၃-၄ တွင် ရေးသားထားသည် "လူဇာတိအားဖြင့် ဒါဝိတ်အမျိုးဖြစ်တော်မူထသော သေခြင်းမှ ထမြောက်တော်မူ၍၊ သန့်ရှင်းသော ဝိညာဉ်အားဖြင့်၊ တန်ခိုးနှင့်တကွ ဘုရားသခင်၏ သားတော် ထင်ရှားတော်မူသော ငါတို့သခင်ယေရှုခရစ်တည်းဟူသော မိမိသားတော်ကို အကြောင်းပြု၍ ဘုရားသခင်သည် ရှေးကမိမိပရောဖက်များအားဖြင့်၊ သန့်ရှင်းသော ကျမ်းစာ၌ ကတိထားတော်မူသော ဧဝံဂေလိတရားကို ဟောစေခြင်းငှါ။"

ဖိလိပ္ပိ ၂း၆-၈တွင် ပေါလုက ယေရှုအကြောင်းပြောခဲ့သည်မှာ "ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့် ပြိုင်သော အမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကို စွန့်၍၊ အစေခံကျွန်၏ သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သော အဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့ လူ၏ဂုဏ်အင်္ဂါ လက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏"

## ယေရှုသည် ကျွန်ုပ်တို့အတွက် မည်သည့်အရာ လုပ်ဆောင်ပေးခဲ့သနည်း။

"ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူ၏" ယော ၃း၁၆-၁၇

"အဘယ်ကြောင့်နည်း ဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူ ဖြစ်မည်အကြောင်းတည်း" ၂ကော ၅း၂၀

## ယေရှုသည် ကျွန်ုပ်တို့အပြစ်များအတွက် အသေခံခဲ့သည်။

"ငါသည် ကိုယ်တိုင်ခံယူသည့်အတိုင်း သင်တို့အား ကရှေးဦးစွာအပ်ပေးသော အကြောင်းအရာမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည့်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်၏"။ ၁ကော ၁၅း၃-၄

## သူ၏အသွေးသည် ကျွန်ုပ်တို့၏ အပြစ်များအတွက် သွန်းလောင်းပေးခဲ့သည်။

"ပညတ်တရားအတိုင်း ခပ်သိမ်းသော အရာတို့ကို ကုန်မတတ် အသွေးအားဖြင့် စင်ကြယ်စေတတ်၏။ အသွေးမသွန်းလောင်းဘဲ အပြစ် လွှတ်ခြင်းမရှိ" ဟေဗြဲ ၉း၂၂။

## ကျွန်တော်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်း ရရှိသည်။

"ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း" ဧဖက် ၂း၈

**ယေရှုအသေခံရန် အဘယ်ကြောင့် လိုအပ်သနည်း။**

"အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ" ရောမ ၃း၂၃

အပြစ်တရား၏အခကား၊ သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း" ရောမ ၆း၂၃

**အပြစ်တရားသည် ဘုရားသခင်နှင့် ခွဲခွာစေသည်။**

"သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို ပယ်သောသူမူကား၊ အသက်ကို မတွေ့ရ။ ထိုသူ၏ အပေါ်၌ ဘုရားသခင်၏ အမျက်တော် တည်နေသည်ဟု ယောဟန် ဟောပြောလေ၏" ယော ၃း၃၆

**ကျွန်တို့အားလုံးသည် ကယ်တင်ရှင်လိုအပ် သည်။**

**ထိုသူ၏ အမည်နာမမှာ ယေရှုဖြစ်သည်။**

"ထိုသခင်၏ နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အား မြွက်ဆို၏" တမန် ၄း၁၂

## ကျွန်တော်သည်“ယုံကြည်”၍ “လက်ခံ” ရန် လိုအပ်သည်။

“ငါအမှန်အကန်ဆိုသည်ကား၊ သေလွန်သောသူတို့သည် ဘုရားသခင်သားတော်၏ စကားသံကို ကြား၍ ကြားသောအားဖြင့် အသက်ရှင်ရမည့်အချိန်ကာလသည် လာ၍ ယခုပင်ရောက်လျက်ရှိ၏” ယော ၅း၂၄

“ထိုသူကို လက်ခံသမျှသောသူ တည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။” ယော ၁း၁၂

တမန် ၁၆း၃၀တွင် ဖိလိပ္ပိထောင်မှူးပေးခဲ့သည်မှာ

“ကျွန်ုပ်သည် ကယ်တင်ခြင်းသို့ ရောက်အံ့သောအခါ အဘယ်သို့ ပြုရပါမည်နည်း”။

ထိုသူအား ပေါလုပြန်ဖြေခဲ့သည်မှာ “သခင်ယေရှုခရစ်ကို ယုံကြည်လျှင် သင်နှင့်သခင်ကို အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။”

## ကယ်တင်ခြင်းတရားအား ယုံကြည်ခြင်းနှင့် ရရှိခြင်း ကျွန်တော်တို့သည် ဝိညာဉ်တော်၏ အသစ်မွေးဖွားခြင်းရရှိသည်။

“သင်တို့သည် ဖောက်ပြန်ပျက်ဆီးတတ်သော မျိုးစေ့အားဖြင့် ဖြစ်ပွားသည်မဟုတ်၊ မဖောက်ပြန်မပျက်ဆီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားသောကြောင့် ” ၁ပေ ၁း၂၃

ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်စားနိုင်ရန် ကျွန်တော်တို့သည် **“အသစ်မွေးဖွားခြင်း”** ခံရသည်။

“ယေရှုက ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ကို ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏” ယော ၃း၃

“ယေရှုကလည်း၊ ရေနှင့် ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သို့ မဝင်ရဟု ငါအမှန်အကန်ဆို၏” ယော ၃း၅

## ကျွန်တော်တို့သည် ဝိညာဉ်တော်၏ အသစ်မွေးဖွား ခြင်းခံရန် လိုအပ်သည်။

## ကျွန်တော်မည်သို့ လုပ်ဆောင်ရမည်နည်း။

**ဝန်ခံခြင်း** - “ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့၏ အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ငင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ငင်း၊ ပြည့်စုံတော်မူ၏” ၁ယော ၁း၉

“အဘယ်သို့နည်းဟူမူကား သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏” ရောမ ၁၀း၉-၁၀

**နောင်တရခြင်း**- ဤအရာသည် “စိတ်ပြောင်းလဲခြင်းဖြစ်သည်”

ပင်တေကုတ္တေနေ့၌ ပေတရုဟောပြောခဲ့သည်မှာ “သင်တို့၏အဖြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော် တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။” တမန် ၂း၃၈

**လက်ခံရရှိခြင်း** - “ငါသည် တံခါးရှေ့မှာ ရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကို ဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်” ဗျာဒိတ် ၃း၂၀

**ကယ်တင်ခြင်းသို့ ခြေလှမ်းများ**

- ယေရှုသည် ခရစ်တော်ဖြစ်၍ ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းယုံကြည်ရမည်။
- ယေရှုသည် ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးသော လက်ဝါးကပ်တိုင်၌ အသေခံခြင်းကို လက်ခံရရှိပြီး - နောင်တရခြင်း၊ ဝန်ခံခြင်းနှင့် အပြစ်အတွက် ခွင့်လွှတ်ခြင်းကို တောင်းဆိုရမည်။
- သင့်အသက်တာ၌ ယေရှုဝင်လာရန် ဖိတ်ခေါ်ပြီး၊ သင်၏ အတွင်းဝိညာဉ်၌ သူ၏ ဝိညာဉ်တော်ကို လက်ခံရရှိရမည်။

ကယ်တင်ခြင်းအတွက် ရိုးရှင်းသော ဆုတောင်းခြင်း

တောင်းပန်ခြင်း - ကျွန်ုပ်အပြစ်အတွက်

ကျေးဇူးတင်ခြင်း - လက်ဝါးကပ်တိုင်ပေါ်၌ ကျွန်ုပ်အတွက် အသေခံခြင်း

ကျေးဇူးပြု၍ - သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးအားဖြင့် ကျွန်ုပ်အသက်တာတွင် ဝင်ရောက်ပါ။

ဗတ္တိဇံသည် နောင်တရခြင်းနှင့်ယုံကြည်ခြင်းမှ လိုက်လာသည်

ပင်တေကုတ္တေနေ့၌ အပြစ်ဖော်ပြပေးခြင်းခံရသောသူတို့အား ပေတရုဟောပြောချက်ကို သတိရပါ

“သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကို ခံကြလော့ . . .” တမန် ၂း၃၈

ယေရှုက “ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတ္တံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတ္တံ့။” မာကု ၁၆း၁၆

ဘုရားသခင်၏ အလိုတော်သည် ကျွန်တော်တို့သည် ကယ်တင်ခြင်းရရှိရန်ဖြစ်သည်။

ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဖြစ်သော ဘုရားသခင်သည် “လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိ၏” ၁တိ ၂း၄